# အမျိုးသမီးများ၏ဂုဏ်သိက္ခာကို လေးစားအသိအမှတ်ပြုရေးနှင့် ဆိုက်ဘာဆက်သွယ်မှုစနစ်အသုံးပြု၍ အနိုင်အထက်ပြုခြင်း (cyber bullying) ရှောင်ကြဉ်နိုင်ရေး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက် ( ၇/ ၂၀၂၀)

၁။ ယခုရက်ပိုင်းအတွင်း အင်တာနက် သတင်းစာမျက်နှာများတွင် အချို့သော နိုင်ငံ့ဝန်ထမ်းအမျိုးသမီးများ ရာထူးတိုးခြင်းနှင့် စပ်လျဉ်း၍ လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းများပေါ်ထွက်လျက်ရှိပါသည်။ ယင်းသတင်းများကိုအခြေခံ၍ လူမှုကွန်ရက်တစ်ခုဖြစ်သည့် facebook တွင် အမျိုးသမီးများ ဂုဏ်သိက္ခာထိပါးစေသည့် အရေးအသားများနှင့်ကာတွန်းသရုပ်ဖော်ရေးဆွဲမှုများကို တွေ့မြင်နေရပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၁) တွင် လူသားအားလုံးသည် ဂုဏ်သိက္ခာနှင့် အခွင့်အရေးများတန်းတူရည်တူ ရှိကြသည်ဟုဖော်ပြထားပြီး အပိုဒ် (၁၂)တွင် မည်သူမျှ မိမိ၏ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုအား ပုတ်ခတ်ခြင်းကိုမခံရစေရဟု ဖော်ပြထားပါသည်။ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြု ပါဝင်ချုပ်ဆိုထားသော အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ် အပိုဒ် (၂)၊ အပိုဒ်ခွဲ (ဃ) တွင်လည်း အမျိုးသမီးများအားခွဲခြားသည့် မည်သည့်ပြုမူမှု (သို့မဟုတ်) အမူအကျင့်တွင်မဆို ပါဝင်ပတ်သက်ခြင်းမှရှောင်ကြဉ်ရန်ဟုဆိုထားသည်ဖြစ်ရာ အမျိုးသမီးများအား ဂုဏ်သိက္ခာထိခိုက်စေသည့် မည်သည့်ပြုမူပြောဆိုသရုပ်ဖော်မှုကိုမဆို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူတို့အနေဖြင့် မွေးရာပါလူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားသောအားဖြင့် အမျိုးသမီးများ၏ဂုဏ်သိက္ခာ ထိခိုက်စေနိုင်သည့်ရေးသား ပြောဆိုမှုများ၊ သရုပ်ဖော်မှုများအား မပြုလုပ်ကြပါရန်နှင့် မသင့်မလျော်သောရေးသားဖော်ပြမှုများ နှင့် သရုပ်ဖော်ပုံများကိုလူမှုကွန်ရက်တွင်မျှဝေခြင်းများမပြုလုပ်ကြပါရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အလေးထား တိုက်တွန်း အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်